



# စစ်အုပ်စု၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ၃ လတာ ကာလအတွင်း နိုင်ငံတဝန်းရှိ မြို့နယ် ၃၀ မြို့နယ်တွင် စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ ကျူးလွန်ခဲ့သည့် အရပ်သားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ်ပေါင်း အနည်းဆုံး ၃၇ ကြိမ်ရှိခဲ့ပြီး အရပ်သား သေဆုံးသူ စုစုပေါင်း ၄၂၆ ဦး ရှိသည်။ အဆိုပါ အရပ်သားများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့်ဖြစ်စဉ်များအနက် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်သည် ၂၃ ခုဖြင့် အများဆုံးဖြစ်ပြီး စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်စဉ် သတ်ဖြတ်မှုဖြစ်စဉ်သည် ၄ ခု ဖြင့် ဒုတိယအများဆုံးဖြစ်ကာ စစ်အုပ်စု၏ အင်ဂျင်တပ်လေထီးဖြင့် ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်သည် ဖြစ်စဉ် ၃ ခုဖြင့် တတိယအများဆုံး ဖြစ်သည်။ အဆိုပါ ဖြစ်စဉ်များအနက် အရပ်သားသေဆုံးမှုအများဆုံးမှာ စစ်ကိုင်းဒေသဖြစ်ပြီး အရပ်သားသေဆုံးသူ အရေ အတွက် ၂၀၁ ဦးရှိခဲ့သည်။ ဒုတိယအများဆုံးမှာ အရပ်သားသေဆုံးသူဦးရေ ၅၅ ဦးဖြင့် မကွေးဒေသဖြစ်ကာ တတိယမှာ ၅၃ ဦးဖြင့် ကချင်ဒေသဖြစ်သည်။ ပဲခူး (အရှေ့) ဒေသတွင်လည်း အရပ်သား ၃၆ ဦး သေဆုံးခဲ့သည်။ ဖြစ်စဉ်အရေအတွက်အနေဖြင့် စစ်ကိုင်းဒေသတွင် ၁၇ ကြိမ်ရှိခဲ့ပြီး မကွေးဒေသတွင် ၅ ကြိမ် ရှိခဲ့သည်။



**ဖြစ်စဉ် ၃၇**

**သေဆုံးသူ ၄၂၆**


NYAN LYNN THIT ANALYTICA

# လေကြောင်းတိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးမှုများ

အစီရင်ခံစာကာလအတွင်း နိုင်ငံတဝှမ်းတွင် စစ်အုပ်စု၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ အစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသည့်ဖြစ်စဉ်နှင့် သေဆုံးမှုအရေအတွက်မှာ အများဆုံး ဖြစ်ခဲ့သည်ကို တွေ့ရသည်။ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့်ဖြစ်စဉ်သည် ဒေသ ၇ ခုတွင် အနည်းဆုံး ဖြစ်စဉ် ၂၃ ခု ရှိခဲ့ပြီး သေဆုံးသူစုစုပေါင်း အနည်းဆုံး ၂၅၀ ဦး ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအနက် စစ်ကိုင်းတွင် ဖြစ်စဉ် ၁၁ ခုဖြင့် အများဆုံး ဖြစ်ပွားခဲ့ပြီး အရပ်သားသေဆုံးသူဦးရေ ၉၀ ဦးဖြင့် အများဆုံး ရှိခဲ့သည်။ မကွေးဒေသတွင် ဖြစ်စဉ် ၄ ခု ရှိခဲ့ပြီး ဒုတိယအများဆုံးဖြစ်ကာ အရပ်သား ၅၀ ဦး သေဆုံးခဲ့သည်။ ကချင်၊ ရခိုင်နှင့် ချင်းဒေသတို့တွင် ဖြစ်စဉ် ၂ ကြိမ်စီ ဖြစ်ပွားခဲ့ပြီး တတိယအများဆုံးဖြစ်ကာ အရပ်သား ၉၄ ဦး သေဆုံးခဲ့သည်။

၄င်းဖြစ်စဉ်များအနက် အရပ်သားထိခိုက်သေဆုံးမှု အများဆုံးဖြစ်စဉ်မှာ ကချင်ဒေသ ဗန်းမော်မြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ မတ်လ ၁၀ ရက်နေ့တွင် စစ်အုပ်စုသည် ဗန်းမော်မြို့နယ် စင်ခန်းဒေသရှိ ရွှေလုပ်ကွက်နေရာများအား ပစ်မှတ်ထား၍ Y-12 လေယာဉ်၊ ဂျက်ဖိုက်တာများဖြင့် လေကြောင်းတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ ၃၀ ဦး ထိခိုက်သေဆုံးခဲ့သည်။

ဒုတိယမြောက် အရပ်သားပြည်သူ သေဆုံးမှုအများဆုံးဖြစ်စဉ်မှာ မကွေးဒေသ မင်းတုန်းမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ မတ်လ ၁ ရက်နေ့တွင် စစ်အုပ်စုသည် မင်းတုန်းမြို့နယ် ကျေးရွာတရွာအနီး အရပ်သားပြည်သူများ၏ ကုန်ကားများ ရပ်နားထားသည့် နေရာအား ဂျက်ဖိုက်တာများဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ စုစုပေါင်း ၃၄ ဦး သေဆုံးခဲ့သည်။





၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ စစ်အုပ်စု၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် မြို့နယ်အလိုက် အစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသော အရပ်သားအရေအတွက်

NLTA
NYAN LYNN THIT ANALYTICA

# စစ်ကြောင်းထိုးဝင်ရောက် သတ်ဖြတ်ခြင်းကြောင့် အစုလိုက်အပြုံလိုက်သေဆုံးမှုများ

အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များတွင် စစ်အုပ်စုနှင့် ပျူစောထီးများက ကျေးရွာများသို့ စစ်ကြောင်းထိုးဝင်ရောက်၍ အရပ်သားများကို ဖမ်းဆီးခြင်း၊ အမျိုးသမီးများကို အဓမ္မပြုကျင့်ခြင်း၊ ကျေးရွာများအား မီးရှို့ခြင်း၊ အရပ်သားများကို လူသားဒိုင်းအဖြစ် စစ်ကြောင်းတလျှောက် ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်ခြင်း စသည့် ဖြစ်စဉ်များလည်း ရှိခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ၃ လတာအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုဖြစ်စဉ်များအနက် စစ်အုပ်စုမှ စစ်ကြောင်းထိုးဝင်ရောက်စဉ် သတ်ဖြတ်ခြင်းကြောင့် အရပ်သားများ သေဆုံးခြင်းသည် ဒုတိယအများဆုံးဖြစ်ပြီး အနည်းဆုံး ဖြစ်စဉ် ၄ ခုရှိခဲ့ကာ စုစုပေါင်း ၂၂ ဦး သေဆုံးခဲ့သည်။ အဆိုပါ ဖြစ်စဉ်များမှာ မန္တလေးတွင် ဖြစ်စဉ် ၂ ခု၊ ပဲခူး (အရှေ့) နှင့် တနင်္သာရီတို့တွင် ဖြစ်စဉ် ၁ ခုစီ ဖြစ်ပွားခဲ့ပြီး အရပ်သား သေဆုံးမှုအရေအတွက်မှာ မန္တလေးတွင် ၁၀ ဦး၊ ပဲခူး (အရှေ့) တွင် ၅ ဦးနှင့် တနင်္သာရီတွင် ၇ ဦး ရှိခဲ့သည်။





၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ စစ်အုပ်စုမှ စစ်ကြောင်းထိုးဝင်ရောက်စဉ် မြို့နယ်အလိုက် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် စစ်အုပ်စု စစ်ကြောင်းတခုသည် တနင်္သာရီဒေသ သရက်ချောင်းမြို့နယ်ရှိ ကျေးရွာတရွာတွင် အရပ်သားပြည်သူ ၇ ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ ထို့အပြင် မတ်လ ၁၈ ရက်နေ့တွင် စစ်အုပ်စု စစ်ကြောင်းတခုသည် မန္တလေးဒေသ ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာ တရွာမှ အရပ်သား ပြည်သူ ၅ ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

# နှစ်ဘက်အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုအတွင်း အစုလိုက်အပြုံလိုက်သေဆုံးမှု

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ပဲခူး (အရှေ့)နှင့် စစ်ကိုင်းဒေသတွင် စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုအတွင်း ဖြစ်ပွားခဲ့သော အရပ်သား အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စဉ် အနည်းဆုံး ၃ ခု ရှိခဲ့ပြီး အရပ်သား ၁၀၅ ဦး သေဆုံးခဲ့သည်။ မတ်လ ၇ ရက်နေ့တွင် ပဲခူး (အရှေ့) ဒေသ ကျောက်ကြီးမြို့နယ်တွင် စစ်အုပ်စုနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** တို့ထိတွေ့တိုက်ပွဲ ဖြစ်စဉ်တခုအတွင်း စစ်အုပ်စုမှ လေကြောင်းနှင့် ဒရုန်းများဖြင့် ဖုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ အမျိုးသား ၆ ဦး၊ အမျိုးသမီး ၁၆ ဦးနှင့် ကလေး ၃ ဦးတို့ သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၂၀ ရက်နေ့တွင် စစ်ကိုင်းဒေသ ကသာမြို့နယ်တွင် စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားစဉ် စစ်အုပ်စုမှ ဂျက်ဖိုက်တာများဖြင့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အရပ်သားပြည်သူ ၈၀ ဦး သေဆုံးခဲ့သည်။




**ဖြစ်စဉ် ၃**


**သေဆုံးသူ ၁၀၅**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိနှစ်ဘက်အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများအတွင်း မြို့နယ်အလိုက် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်

## အင်ဂျင်တပ်လေထီးဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးမှု

အစီရင်ခံစာကာလအတွင်း စစ်ကိုင်းဒေသနှင့် ပဲခူး (အရှေ့) ဒေသတို့တွင် စစ်အုပ်စု၏ အင်ဂျင်တပ်လေထီးဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စဉ် ၃ ခု ဖြစ်ပွားခဲ့ပြီး အရပ်သား ၂၁ ဦး သေဆုံးခဲ့သည်။

ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် စစ်ကိုင်းဒေသ၊ မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာတရွာအား စစ်အုပ်စုမှ အင်ဂျင်တပ်လေထီး ၂ စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ ၁၀ ဦး သေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရခဲ့သည်။




ဖြစ်စဉ် ၃

သေဆုံးသူ ၂၁

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ အင်ဂျင်တပ်လေထီးဖြင့်ပစ်ခတ်တိုက်ခိုက်မှုအတွင်း မြို့နယ်အလိုက် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်

## ဒရုန်း အသုံးပြုတိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးမှု

အစီရင်ခံစာကာလအတွင်း စစ်ကိုင်းဒေသတွင် စစ်အုပ်စု၏ ဒရုန်း အသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စဉ် ၁ ခု ဖြစ်ပွားခဲ့ပြီး အရပ်သား ၉ ဦး သေဆုံးခဲ့သည်။

မတ်လ ၇ ရက်နေ့တွင် စစ်အုပ်စုသည် စစ်ကိုင်းဒေသ၊ ကနီမြို့နယ်ရှိ ကျေးရွာတရွာအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် (နမခ) မှ တက်လာသည့် အသေခံ ဒရုန်း ၃ စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူ ကလေး ၂ ဦး အပါအဝင် စုစုပေါင်း ၉ ဦး သေဆုံးခဲ့သည်။

ကနီ ၉ သေဆုံးသူ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ဒရုန်းဖြင့်ပစ်ခတ်တိုက်ခိုက်မှုအတွင်း မြို့နယ်အလိုက် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်

## တရားမဲ့ဖမ်းဆီးသတ်ဖြတ်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးမှု

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း စစ်အုပ်စု၏ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် အရပ်သား အစုလိုက်အပြုံလိုက် သေဆုံးမှု ဖြစ်စဉ် ၁ ခု ရှိခဲ့ပြီး အရပ်သား ၇ ဦး သေဆုံးခဲ့သည်။ ၄င်းဖြစ်စဉ်များမှာ တနင်္သာရီ ဒေသတွင် ဖြစ်ပွားခဲ့ သည်။

မတ်လ ၁၃ ရက်နေ့တွင် တနင်္သာရီဒေသ၊ သရက်ချောင်းမြို့နယ်ရှိ ဝင်းဝစစ်အုပ်စုတပ်စခန်းမှ တပ်ဆုတ်သွားသည့် စစ် အုပ်စုဝင်များသည် အနီးပတ်ဝန်းကျင်မှ အရပ်သားပြည်သူ အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၄ ဦးအား လူသားဒိုင်း အဖြစ် ဖမ်းဆီးခေါ်ဆောင်ကာ သတ်ဖြတ်ခဲ့ပြီး ရာဘာခြံတခုတွင် စွန့်ပစ်ထားခဲ့သည်။

**သရက်ချောင်း ၇ သေဆုံးသူ**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ တရားမဲ့ဖမ်းဆီးသတ်ဖြတ်မှုကြောင့် မြို့နယ်အလိုက် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်


## လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးမှု

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း မကွေးဒေသတွင် စစ်အုပ်စု၏ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှု ကြောင့် အရပ်သား အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စဉ် အနည်းဆုံး ၁ ခု ရှိခဲ့ပြီး အရပ်သား ၅ ဦး သေဆုံးခဲ့သည်။ မတ်လ ၁ ရက်နေ့တွင် မကွေးဒေသ၊ အောင်လံမြို့နယ်ရှိ ကျေးရွာတရွာတွင် အထိုင်ချတပ်စွဲထားသည့် စစ်အုပ်စုမှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အနီးနားရှိ ကျေးရွာတရွာတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး အရပ်သား ၅ ဦး သေဆုံးခဲ့သည်။

**အောင်လံ ၅ သေဆုံးသူ**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် မြို့နယ်အလိုက် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်


NLTA
NYAN LYNN THIT ANALYTICA




၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ ဒေသအလိုက် အရပ်သား အစုလိုက်အပြုံလိုက်သေဆုံးမှုများ

**နှစ်အလိုက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များအတွင်း အရပ်သား သေဆုံးမှုများ**

| ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ (ဇန် - မတ်) |
|---|---|---|---|---|---|
| ၅၇၀ | ၆၁၁ | ၉၂၇ | ၁၄၄၂ | ၁၅၉၂ | ၄၂၆ |




၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ ဒေသအလိုက် အရပ်သား အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စဉ်များ

NLTA
NYAN LYNN THIT ANALYTICA

# သုတေသနနည်းနာ

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဆိုသည်မှာ ခုခံနိုင်ခြင်းမရှိသည့် လက်နက်မဲ့သူများ အထူးသဖြင့် အပြစ်မဲ့အရပ်သား အများအပြားကို သတ်ဖြတ်ခြင်းကို ဆိုလိုပါသည်။ ထိုသတ်ဖြတ်မှုများမှာ အချိန်အတိုင်းအတာတခုအတွင်း နေရာတခု (သို့) ဒေသတခု၌ အစုအဖွဲ့တခုမှ ကျူးလွန်ခြင်းဖြစ်သည်။ ဤအစီရင်ခံစာတွင် အရပ်သားများ အကြမ်းဖက်သတ်ဖြတ်ခြင်းခံရသည့် ပုံစံအမျိုးအစားများကိုပါ ထည့်သွင်းစဥ်းစားပါသည်။ ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ (၃) လတာကာလအတွင်း စစ်အုပ်စုမှ ကျူးလွန်သည့် အရပ်သား ၅ ဦး နှင့် ၅ ဦး အထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဥ်များအပြင် ကျူးလွန်သည့်အဖွဲ့အစည်းအမည်ကိုမသိရှိရသော ဖြစ်စဥ်များကိုလည်း လေ့လာဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ဤအချက်အလက်များကိုတော်လှန်ရေးအဖွဲ့အစည်းများ၏သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သော သတင်းမီဒီယာ စုစုပေါင်း (၄၃) ခုမှ ဖော်ပြချက်များကို အခြေခံကာ ထုတ်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။

NLTA
NYAN LYNN THIT ANALYTICA